၈၉.၄%

# ကိန်းဂဏန်းများကပြောသော ဘာသာ့အရေး





ခင်မောင်နှင်း (ကျောက်ပန်းတောင်း)

# ဘဒ္ဒန္တသဇ္ဇနသာရ ၏ အမှာ စာ

လောကၡ မည်သည့် အလုပ်ကိစ္စမျိုးမဆို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်ရသည် မှာ မလွယ်ကူလှပေ။ အလုပ်တစ်ခု၏ အတိမ်အနက် အခက်အခဲကို လက်တွေ့ လေ့လာကြည့်မှ သာ သိနိုင်ပါလိမ့်မည်။" ဤစကားနှင့် အညီ သာမန်ကြည့်လျှင် လွယ်ကူသည် ဟု ထင်ရသော အသေးအမွှား ကိစ္စကလေးများ ပင် တကယ်လက်တွေ့ လုပ်ကြည့်သောအခါ အထင်နဲ့ အမြင် ပါစင်အောင် လွဲတတ်ပေသည် ။ ဖြစ်ချင်၍ လုပ်နေကြသော်လည်း လုပ်တိုင်းကား မဖြစ်ကြပေ။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက "တတိုင်း-မမြင်-ဆင်တိုင်း-ပြောတိုင်း မဟုတ် လုပ်တိုင်း မဖြစ်" ဟု မိန့်ဆိုခဲ့ကြပါသည် ။

ယခု စာရေးဆရာ ခင်မောင်နှင်း( ကျောက်ပန်းတောင်း ) က "ကိန်းဂဏန်းများက ပြောသော ဘာသာ့အရေး" စာအုပ်ကို သူ့ရဲ့ ပဉ္စမစာအုပ်အဖြစ် တင်ပြလာပါသည် ။ ဗုဒ္ဓဘာသာဝင် တစ်ဦးအဖို့ "ဗုဒ္ဓ-ဓမ္မ-သံဃ" တည်း ဟု သော ရတနာမြတ် သုံးပါးတွင် သက်ဝင် ယုံကြည်နိုင်ရေးအတွက် ရတနာသုံးပါး အကြောင်းကို သိထိုက်သမျှ သိထားရန် လိုအပ်ပါသည် ။

ကမ္ဘာပေါ်တွင် လူဦးရေ သန်းခုနစ်ထောင်ကျော် ရှိနေကြသည် ။ မိမိတို့ ယုံကြည်သည့် အလျောက် အားသန်ရာ ဘာသာအယူဝါဒကို ခံယူကြသလို ဘာသာမဲ့ အယူဝါဒမဲ့ သူတို့ သည် လည်း မြောက်မြားစွာရှိ

နေကြပြန်သည် ။ ခရစ်ယာန်- အစ္စလမ်-ဟိန္ဒူ-ဗုဒ္ဓ ဟူသော ထင်ရှားသည့် ဘာသာဝင် လေးစု-လေးဖွဲ့ကို တိုးတက်သော ဘာသာ -တည်တံ့သောဘာသာ- ဆုတ်ယုတ်သော ဘာသာဟု သင်္ချာကိန်းဂဏန်းတို့ ဖြင့် နှိုင်းယှဉ်ဖော်ပြထားလို့ ဘာသာလိုက် အခြေနေမှန်ကို ထင်ရှားစွာ တွေ့မြင်သုံးသပ်နိုင်ပါသည် ။

တိုးတက်များ ပြားသော ဘာသာဝင်တို့ ၏ လှုပ်ရှားမှုများ စည်းရုံးမှုများ ထောက်ပံ့မှုများ ဖြေရှင်းပေးမှုများ စသည် တို့ ကိုလည်း အသေးစိတ် တင်ပြထားသည် ။( ခရစ်ယာန်-အစ္စလမ် ) တို့ ၏ ဘာသာရေး ဆရာများ စည်းရုံးဟောပြောမှု အစွမ်းအစ၊ ဘာသာရေး ဆရာဦးရေ၊ ချာချ်ကျောင်း၊ ဗလီအရေအတွက် စသည် တို့ ကို ပြည်နယ်တစ်ခုချင်းစီ အလိုက်နဲ့ အရေးကြီး မြို့အလိုက် ဖော်ပြထားလို့ တိုင်းနှင့် ပြည်နယ်လိုက် ဘာသာခြား အခြေနေကို သိမြင်သုံးသပ်နိုင်အောင် အသေးစိတ် တင်ပြထားပါသည် ။

ယုတ်လျော့လာသော မိမိတို့ ဗုဒ္ဓဘာသာဝင်များ ၏ စိတ်နေစိတ်ထား- လုပ်ဆောင်မှု- လိုက်နာမှု-ယုံကြည်မှု- တာဝန်ယူမှု စသည် တို့ ကို သုံးသပ်တင်ပြ ထားသည် မှာ မှန်ကန်လွန်းလှပါသည် ။ ဗုဒ္ဓဘာသာဝင်များ ဗုဒ္ဓသာသနာတော် ကြီးတိုးတက်ပြန့်ပွား ခိုင်မာတည်တံ့ဖို့ အတွက် လိုက်နာကျင့်သုံးရမည့် စည်းကမ်း နည်းလမ်းတို့ ကိုလည်း ပြည့်စုံစွာ အကြံပြု နည်းလမ်းပြထားပါသည် ။

ဤမျှကောင်းသော တန်ဖိုးကြီးသော အနှစ်သာရရှိသော သိထားသင့်သော "ကိန်းဂဏန်းများက ပြောသော ဘာသာ့အရေး" စာအုပ်ကို သာသနာ့ တက္ကသိုလ်များ ၊ စာသင်တိုက်များ ၊ ယဉ်ကျေးလိမ္မာ သင်တန်းများ စတဲ့ ဘာသာရေးဆိုင်ရာ သင်တန်းများမှာ သင်ကြားပို့ချ

ပေးပါက မိမိနိုင်ငံတွင်း ဘာသာရေး အခြေခံနေမှုကို သိမြင်ပြီး သာသနာပြုမှု၊ အလှူမှုလာနိုင်ကာ ဒေသအလိုက်၊ သာသနာတော်အတွက် လုပ်ဆောင်ရမည်ကိုလည်း သိမြင်နိုင်လို့ သာသနာတော်ကို ထိရောက်စွာ ကာကွယ်စောင့်ရှောက် လာနိုင်ပါမည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းအတွက် ရတနာမြတ်သုံးပါးကို သက်ဝင် ယုံကြည်ရုံမျှဖြင့် ကျေနပ်မနေဘဲ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို တိုးတက် ပြန့်ပွားစည်ကား တည်တံ့နိုင်ဖို့ အတွက် အင်မတန်လိုအပ်တဲ့ "ကိန်းဂဏန်းများက ပြောသော ဘာသာ့အရေး" စာအုပ်ကို မဖြစ်မနေ ဖတ်သင့် လိုက်နာသင့်လှ ပေတော့သည် ။

ရရှိဥစ္စာ မြတ်ပညာဖြင့် အမျိုး-ဘာသာ-သာသနာနှင့် ရွာပါ မြို့ပါ ပြည်လုံးပါ ကာကွယ်စောင့်ရှောက် ချီးမြှောက်နိုင်ပါစေ။

**ဘဒ္ဒန္တသဇ္ဇနသာရ**
**မဟာမြိုင်ဆရာတော်**
**မဟာမြိုင်ကျောင်းတိုက်**

***

ဒေါက်တာဘဒ္ဒန္တကုမာရ၏ အမှာ စာ

ခင်မောင်နှင်း( ကျောက်ပန်းတောင်း ) ၏ "ကိန်းဂဏန်းများက ပြောသော ဘာသာအရေး" စာအုပ်သည် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတိုင်း ဖ

တ်ရှုလေ့ လာပြီး ဗုဒ္ဓဘာသာ အမျိုးသားရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ ၊ စီစဉ်ကြဖို့ ၊ နိုးကြားတက်ကြွ အစဉ်သတိရှိဖို့ မီးမောင်းထိုးပြထားပါသည် ။ (ဆူပူအုံကြွဖို့ မဟုတ်ပါ။)

ဗုဒ္ဓဘာသာဝင်များ သည် ဘာသာရေး အမျိုးသားရေးထက် အခြားသော အရေးအခင်းများကို အာရုံစိုက် လုပ်ရှားနေကြသဖြင့် အမျိုးသားရေးနဲ့ ဘာသာရေးကို လေ့လာဖို့ အားနည်းလာကြသည် ။ ထိုသို့ အားနည်းမှုကြောင့် အမျိုးသားရေးနှင့် ဘာသာရေး ယိုယွင်းလာပါသည် ။ ယိုယွင်းပြီး တဖြည်းဖြည်း အားနည်းလာသည် ကိုလည်း အလေးဂရုမပြုကြ။ ဆိုးသွမ်းလူငယ်များ တစ်ရက်ထက် တစ်ရက် များပြားလာခြင်းသည် အမျိုးသားရေး၊ ဘာသာရေး ပျက်စီးယိုယွင်းလာခြင်းပင်ဖြစ်သည် ။ ယင်းကိစ္စသည် တစ်ဦးတည်း တစ်ဖွဲ့တည်းဖြင့် ပြန်လည် တည့်မတ်ရန် မလွယ်ကူပါ။ ဆိုးသွမ်းလူငယ်များ ၊ လူဆိုးများ စာရိတ္တစိတ် ကောင်းမွန်ကြပါမှ တိုင်းပြည်နှင့် အမျိုးဘာသာ တိုးတက်မည် ဖြစ်ပါသည် ။

ထိုကိစ္စကို ရဟန်းတော်များ အပိုင်း လူပုဂ္ဂိုလ်များ အပိုင်း စနစ်တကျ စီမံ လက်တွဲပြီး ဆောင်ရွက်မှ ဖြစ်ပါမည်။ တစ်ဦး၏ အပြစ်ကို တစ်ဦး ဖော်နေမည့် အစား ဖြစ်ပေါ်နေသည့် အခြေအနေ အရပ်ရပ်ကို သုံးသပ်စိစစ်ပြီး အဖြေရှာကာ စနစ်တကျ စုပေါင်း ဆောင်ရွက်ကြဖို့ အချိန်ရောက်နေပါပြီ။

ဓမ္မစကူးလ်သင်တန်းများ ၊ ယဉ်ကျေးလိမ္မာ သင်တန်းများ သည် ကလေး သူငယ်များ အတွက် သာမက အရွယ်မရွေး သင်ကြားတတ်မြောက်ဖို့ လိုက်နာကျင့်သုံးဖို့ ဖြစ်ပါသည် ။ မျိုးချစ်စိတ်ဓာတ် ဘာသာရေး အ

သိတို့ ဖြင့် ယိုယွင်း ပျက်စီးနေမှုကို တက်တက်ကြွကြွ ကိုယ်စီကိုယ်စီ စုပေါင်းဆောင်ရွက်ကြဖို့ လိုပေသည် ။ အမျိုးသားရေး၊ ဘာသာရေး စည်းရိုးများ လုံခြုံမှုရှိဖို့ အရေးကြီးဆုံး အချိန် ရောက်နေပါပြီ။

အမျိုးသားရေးစိတ်ဓာတ်၊ ဘာသာရေးစိတ်ဓာတ် အားနည်းမှုကြောင့် အရှက်အကြောက်မရှိ ပျက်စီးလာခြင်း၊ စီးပွားပျက်စီးမှုကြောင့် စာရိတ္တမဏ္ဍိုင် ပျက်စီးလာခြင်း၊ မူးယစ်ဆေးဝါးကပ်ကြောင့် လူမှုဘဝနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု ပျက်စီးခြင်းများကို အစိုးရအဖွဲ့မျှဖြင့် မထိန်းနိုင်ပါ။ ပြည်သူလူထုက ပါဝင်ကူညီ ဆောင်ရွက်ပါမှ အပြည့်အဝ အောင်မြင်ပါမည်။

အပြစ်ပြော အတိုက်အခံ ပြုလုပ်ခြင်းသည် တန်ဖိုးရှိသော အချိန်ကို ဖြုန်းတီးခြင်းဖြစ်လို့ မည်သည့် တိုးတက်မှုကိုမျှ မဖြစ်နိုင်ပါ။ ကျရာတာဝန်ကိုသိပြီး အောင်မြင်အောင် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ချိန် ရောက်နေပါပြီ။ အခြားလူပုဂ္ဂိုလ်များ ၏ ချို့ယွင်းချက်ကို ထုတ်ဖော်နေကြရာမှာ မိမိတတ်နိုင်သည့် လုပ်ငန်းများ တွင် ပျက်စီးနေမှုများကို ပြုပြင်၍ လိုအပ်သည့် လုပ်ငန်းများကို လက်တွဲဆောင်ရွက်သည့် အခါ အကျိုးနှင့် အပြစ်တို့ ကြိုတင်စိစစ် သိမြင်ထားဖို့ လိုပါသည် ။ သို့မှ သာ ပြင်ဆင်စရာများကို ကြိုတင်ပြင်ဆင်ထားသဖြင့် လုပ်ငန်း ဆောင်ရွက်သည့် အခါ တွေ့ကြုံရင်ဆိုင်ရမည့် အခက်အခဲများကို အလွယ်တကူ ကျော်လွှားလွန်မြောက်မည် ဖြစ်ပါသည် ။

အရာရာမှာ အသိအလိမ္မာ ဉာဏ်ပညာနှင့် သတိရှိဖို့ အရေးကြီးပါသည် ။ အခက်အခဲ အတိုက်အခံများကို သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့ လည်း လိုအပ်ပါသည် ။ ပျော့ညံ့သည့် စိတ်ဓာတ်ဖြင့် မည်သည့် အောင်မြင်မှုကိုမျှ မရနိုင်ပါ။ ဖြစ်ပေါ်လာမည့် အခက်အခဲများကို လက်တွေ့ ဆောင်

ရှက်နေသည့် လူပုဂ္ဂိုလ်များ နှင့် ဆွေးနွေးလျှင် အလွယ်တကူ ရနိုင်ပါသည် ။

နာယက အရည်အချင်း ၆ ပါး တို့ တွင် ဣက္ခဏာ = အမျှော်မြင်ရှိခြင်း ဟု ရေးကပြန် ဆိုသော်လည်း ပခုက္ကူဆရာတော် အရှင်ပညာမဟာထေရ်က "လူကဲခတ်ကောင်းခြင်း" ဟု ပြန်ဆိုတော်မူပါသည် ။ လူရိပ်လူကဲကို သိရှိနားလည်ခြင်း၊ အမျှော်မြင်ရှိခြင်းသည် လုပ်ငန်းအောင်မြင်နိုင်သော အရည်ချင်းတစ်ခု ဖြစ်ပါသည် ။ ထိုအရည်အချင်း အားနည်းခြင်းသည် လူပုဂ္ဂိုလ် ယုံကြည်မှုကြောင့် ချို့ယွင်းချက်ဖြစ်တတ်ပါသည် ။

ခင်မောင်နှင်း( ကျောက်ပန်းတောင်း ) ၏ "ကိန်းဂဏန်းများက ပြောသော ဘာသာ့အရေး" စာအုပ်ကို လေ့လာဖတ်ရှုကြပြီး အမျိုးသားရေးသတိရှိရှိဖြင့် အမျိုးဘာသာ သာသနာပွင့်လင်းပြီး တိုးတက်ပြန့်ပွားထွန်းကားအောင် လက်တွဲ ဆောင်ရွက်ကြပါ ဟု တိုက်တွန်းရင်း.....

**ဒေါက်တာ ဘဒ္ဒန္တကုမာရ**<br>
**အဂ္ဂမဟာပဏ္ဍိတ**<br>
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်( ရန်ကုန် )**<br>
**၁၃၇၉-ခု၊ဝါခေါင်လပြည့်ကျော် ၁၀ ရက်( ၁၇.၈.၂၀၁၇ )ကြာသပတေးနေ့**

*****

# သာသနာပြုကြစို့

စာရေးဆရာ ခင်မောင်နှင်း( ကျောက်ပန်းတောင်း )က သူ့ရဲ့ "ကိန်း ဂဏန်းများက ပြောသော ဘာသာ့အရေး" စာအုပ်အတွက် အမှာ စာရေး ပေးဖို့ ပြောလာဖူးပါတယ်။ မရောက်ဖူးသေးတဲ့ နယ်ပယ်အသစ် ရောက် ရမှာ မို့ ဝမ်းမြောက်ဝမ်းသာ ရေးပေးပါမယ်လို့ ကတိပေးမိပါတယ်။

လက်တွေ့ရေးဖို့ က အင်မတန်မှ ခက်ခဲပါကလားဆိုတာ တွေ့လာရ ပါတယ်။ ဗုဒ္ဓဘာသာ၊ အစ္စလမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာ သာ ဘာသာကြီးလေးခု ကမ္ဘာမှာ ထင်ရှားတယ်။ ဘာသာကြီးလေးခုလို့ သာ အလွယ်ပြောလိုက်တယ် ကျွန်တော်တို့ ဗုဒ္ဓဘာသာဟာ ဘာသာမဟု တ် အဆုံးအမ သာသနာသာဖြစ်ကြောင်း စပြောရပါလိမ့်မယ်။

ကျန်ဘာသာရေး ခေါင်းဆောင်တွေကတော့ လောကီနယ်ပယ်ကအ တိုင်း အိမ်ထောင်ခြင်း၊ သားမွေးခြင်း ပြုနိုင်၊ ပြုခွင့်ရှိပါတယ်။

ဆရာတော် သံဃာတော်တွေရဲ့ ကျေးဇူးကြောင့် မြန်မာတွေ စာတ တ်ခဲ့ကြပါတယ်။ တောရောမြို့ပါ အခြေခံပညာ၊ အဆင့်မြင့် ပညာတတ် ခဲ့ကြပါတယ်။ သမီးများ သည် ပင်လျှင် စာသင်သား ရဟန်းငယ်များကို စာချပေးခဲ့ကြပါတယ်။ အထက်ပါ ပြောခဲ့သည့် အတိုင်း လောကီကိစ္စ ( ချဉ်သီးနဲ့ ဆားအတူ ထားရှိသည့် အတိုင်း ) ရဟန်းငယ် လူထွက်များ နဲ့ အိမ်ထောင်ကျခဲ့ကြပါတယ်။

အရပ်ထဲမှာ လည်း အမိအဘများ မျက်နှာထားစရာမရှိအောင် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပါတယ်။

"သာသနာဖျက်မဟဲ့"

"ကျောင်းကြီးဖျက်မဟဲ့" ဆိုတဲ့ တိုင်းထွာသံများ ဟာ ဗုဒ္ဓဘာသာများရဲ့ နားထဲကို သံရည်ပူ လောင်းလိုက်သလို ပူလောင်လှပါတယ်။

ဒါကြောင့် အမျိုးသမီးများကို ကျောင်းမထားတော့ပါဘူး။ အမျိုးသမီးများ အတွက် ပညာရေး ကြွေးကြော်သံ အသစ်တင်ပြီး ပညာပေးခဲ့ကြရပါတယ်။

"ယောကျ်ားများ စာမတတ်ရင်အကန်း"

"မိန်းမများ ယက်ကန်းမတတ်ရင် အကျိုး"

ဆိုပြီး မိန်းကလေးများကို အိမ်ထဲ ထည့်လိုက်ပါတော့တယ်။

စာမတတ်တဲ့ မိခင်များ ရဲ့ သားသမီးများ ဘယ်လိုဖြစ်ကြတော့မယ် ဆိုတာ စဉ်းစားရင် သိနိုင်ပါတယ်။

အမျိုးသားများ အပေါ်မှာ တော့ ဆရာတော် သံဃာတော်များ ရဲ့ ဩဇာအင်မတန် ကြီးခဲ့ပါတယ်။ အရက်သောက်များ တဲ့ သူ၊ ကိုယ်ကျင့်တရား ပျက်ပြားတဲ့ တပည့်ဒကာများကို ကျောင်းခေါ်ရိုက်ပြီး ဆုံးမကြတာ ယခုထိ တွေ့ရပါ သေးတယ်။

လက်ရှိ အခြေအနေကို အကောင်းမြင်နဲ့ ကြည့်လို့ မြင်လို့ ရလောက်ပါ တယ်။

တောင်တန်းသာသနာပြု၊ ဘကကျောင်းများ ၊ ဓမ္မစကူးလ်များက ဗုဒ္ဓဘာသာကို အရောင်ပြန်တင် ပေးနိုင်ပါလိမ့်မယ်။

ဘုန်းကြီးလှည်းဆိုတာ ရှိခဲ့ဖူးပါတယ်။ နွားလှလှ၊ လှည်းကောင်းကောင်း နဲ့ ကျောင်းပိုင်ယာဉ်အဖြစ် ရှိခဲ့ပါတယ်။

လှည်းအဖြစ်မှ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများကို ယာဉ်အဖြစ် အသုံးပြုလာတဲ့ ရွာကျောင်းများ ၊ ကျောင်းတိုင်းစေ့ ရှိလာကြပြီ။ ဘုရားပွဲ ဆွမ်းလောင်းပွဲ၊ ဆွမ်းစားများမှာ (ဟိုတောကျောင်းက ကားများ နဲ့ )ကားများ နဲ့ ကြွလာ နိုင်ပါပြီ။

ဝမ်းနည်းစရာ ကောင်းတာက အရန်များ မမွေးနိုင်ခြင်းဘဲ ဖြစ်ပါတယ်။ ဆိုလိုတာက ဘကကျောင်း၊ ဓမ္မစကူးလ်ကလွဲရင် ကိုရင်ရှားသွားပါပြီ။

သို့သော် အခြေခံပညာ၊ အထက်တန်းပညာ သင်ပေးဖို့ ရည်ရွယ်ရင်း ရှိပြီးသားမို့ အရန်အတွက် စိုးရိမ်ရအောင် မရှိသေးပါ။ ဘုန်းတော်ကြီးဆိုသည် မှာ အာစရိယဂုဏ်မှာ တစ်ပါးတည်း ရှိပြီးဖြစ်သည့် အတွက် ခေတ်က တောင်းဆိုမှု ရှိပြီဆိုလျှင် အသင့်ဖြစ်ကြလိမ့်မယ်။

စာသင်စာချဆိုတာ ရဟန်းကျင့်ဝတ် ဖြစ်တဲ့ အတွက် ဆရာတော်များ ကျောင်းက တာဝန်ယူ ရပါလိမ့်မယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

အပိုင်း နှစ်ကတော့ ဗုဒ္ဓဘာသာဆိုတာ ဘာသာ မဟုတ်ဘူး ၊ အယူ မဟုတ်ဘူး ၊ Ism မဟုတ်ပါဘူး။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူစင်အောင် စိတ်ကိုထားဆိုတဲ့ အဆုံးအမ သာသနာဖြစ်ပါတယ်။ သူတစ်ပါးအသက်ကို သတ်ဖို့ ၊ သူတစ်ပါး အယူကို ဖျက်ဖို့ ဆိုတဲ့ မကောင်းမှုများကို ရှောင်ရတဲ့ အဆုံးအမခံတွေဖြစ်တဲ့ အလျောက် ကျွန်တော်တို့ ဟာ နူးညံ့ကြပါတယ်။

အခမ္မကို ခမ္မနဲ့ ပဲ တည်ဆောက်ကြပါတယ်။

ကျွန်တော်စိတ်ထဲရှိသမျှ ကျွန်တော် သိသမျှများကို လွတ်လွတ်လပ်လပ် ပြောချလိုက်ပါပြီ။

"ကိန်းဂဏန်းများက ပြောသော ဘာသာ့အရေး" စာအုပ်ကို ဖတ်ပြီးသူတိုင်း စဉ်းစားကြရပါလိမ့်မယ်။ စဉ်းစားပြီးသူတိုင်း ပန်းတိုင်မြင်ကြပါလိမ့်မယ်။ ပန်းတိုင်ဆီ အရောက်သွားမယ့် လမ်းကိုလဲ တွေ့ကြပါတော့မယ်။

သာသနာပြုဖို့ ဆိုတာ လူထုကြီးပါမှ အောင်မြင်မှာ ဖြစ်တဲ့ အတွက် လူထုကြီး တစ်ရပ်လုံး စိတ်ရောကိုယ်ပါ ပါဝင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။

**ကိုလေး( အင်းဝဂုဏ်ရည် )**

၁၇ . ၉ . ၂၀၁၇

***

## စာရေးသူရဲ့ သာသနာ့အမြင်

ကျွန်တော် ယခုရေးသားမှုဟာ အခြားဘာသာကို အပြစ်မြင်ရန် မဟုတ်။ ဆရာတော်ဘုရားများကိုလည်း အပြစ်မြင်ခြင်း မဟုတ်ရပါ။ သာသနာတော်ကြီးကို မှန်ကန်စွာ မြင်လိုတဲ့ စေတနာဖြစ်ပါတယ်။ ကျွန်တော်မှာ ဆရာတော်တို့ နဲ့ ဘာသာဝင်များကို အပြစ်တင်နိုင်ရန် အနေအထား

အရည်အချင်းလည်း မရှိပါ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ကြောင့် ကြမ့် အိပ်နေလွန်းတယ် ခံစားရလို့ မိမိတို့ ဘာသာရဲ့ အခြေအနေမှန်ကို သိစေလိုတာရယ်၊ ဘာတွေ လုပ်သင့်တယ် ဆိုတာကို နားလည်သလောက် တင်ပြတာပါ။ ကျွန်တော်ရေးသားမှုက အစွန်းမလွတ် ဖြစ်နေရင်လည်း ပြင်ပေးနိုင်တာ ပြင်ပေးပါ။ ဘာတတ်လည်း မေးရင် ဘာမှ မတတ်ပါ။သိနားလည်သမျှကို မျှဝေခြင်းသာ ဖြစ်ပါတယ်။ မှန်မမှန်ကို စာဖတ်သူတို့ ဉာဏ်မျက်စိနဲ့ ဝေဖန်နိုင်လေ အဖြေမှန်တွေ့လေ ဖြစ်မယ် ထင်ပါတယ်။

ကျွန်တော် စာပေတွေရေးတိုင်း စကားပြောတိုင်းမှာ မြတ်စွာဘုရားရဲ့ စကားကြီး ခြောက်ခွန်းထဲက ၅ နဲ့ ၆ ဖြစ်တဲ့ ('မှန်၊ အကျိုးရှိ၊ အပြောခံရသူက ကြိုက်' နဲ့ 'မှန်၊ အကျိုးရှိ၊ အပြောခံရသူကမကြိုက်' ဆိုတဲ့ စကားနှစ်ခွန်းကို အခြေနေ အချိန်ခါပေါ် ကြည့်ပြောပါတယ်။) ယခုလည်း သာသနာတော် အတွက် ပြောသင့်ပြီ ထင်လို့ သာသနာ မကွယ်အောင် ရေးသားတင်ပြရတာ ဖြစ်ပါတယ်။ ကျွန်တော် ဘာကြောင့် ဗုဒ္ဓဘာသာကို မြန်မာနိုင်ငံမှာ ကာကွယ်လို ရတာလဲ။ လွယ်လွယ်ပြောရရင် ဘိုးဘွားတွေရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုကို မြန်မာနိုင်ငံသားတွေ ထိန်းသိမ်းမှု အားနည်းလာလို့ ဘိုးဘွား အစဉ်အလာကောင်းကို ထိန်းသိမ်းစေလိုတာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို ထိန်းသိမ်းရန် ဗုဒ္ဓဘာသာဝင် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ၊ ထိန်းသိမ်းပေးရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဘာကြောင့် ပါလဲ။

အေဒီ ၁၀၄၄ မြန်မာနိုင်ငံ ပေါ်ထွန်းလာခြင်းနဲ့ အတူ ဗုဒ္ဓဘာသာ ပေါ်ထွန်းလာလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာနဲ့ မြန်မာနိုင်ငံဟာ ဖွားဖက်တော်ဆိုတာ မမှားပါ။ ဒီတော့ ဗုဒ္ဓဘာသာဟာ မြန်မာနိုင်ငံရဲ့ ဒြ

ပ်မဲ့ယဉ်ကျေးမှု တစ်ခုဖြစ်လို့ မြန်မာနိုင်ငံကို ချစ်သူတိုင်း ဗုဒ္ဓဘာသာကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ မြန်မာလူမျိုးဟာ သွေးဆူပြီး အခ နဲ့မသင့်ရင် ရက်စက်တတ်တဲ့ လူမျိုးလို့ မြင်ပါတယ်။ ဗုဒ္ဓ ဆိုဆုံးမမှုတွေကြောင့် သာ ယဉ်ကျေးလာတယ်လို့ နားလည်ခံစား ရပါ တယ်။ ယနေ့ မြန်မာလူမျိုးတွေ ဘာသာရေးနဲ့ ဝေးလာလို့ မကြားသင့်၊ မမြင်သင့် အမှုတွေဖြစ်လာပါပြီ။ ၂၀၁၅ စက်တင်ဘာ (၁၉) ရက်နေ့က သူငယ်ချင်း အချင်းချင်း အရက်အတူသောက်ပြီး စကားများ လူသတ်မှုဖြစ်တယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ အရက်မူးလာတဲ့ ခင်ပွန်းက ဇနီးကို ဓားမနဲ့ ခုတ်သတ်တယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့ ရွှေပြည်သာမှာ ညီအစ်ကိုနှစ်ယောက် အရက်အတူသောက် ပြန်လာစဉ် စကားများ ပြီး အစ်ကိုက ညီကို ခဲနဲ့ ထုသတ်တယ်။ ၂၀၁၅ ခု နှစ် ဇူလိုင်လ ၃ ရက်နေ့ နွားထိုးကြီးမှာ အဖေက အရက်မူးပြီး သားအရ င်းကို ဓားနဲ့ ထိုးသတ်တယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ရက်မှာ အ ဖေကမူး လာပြီး ၆ လ သမီးလေးကို ဖနောင့်နဲ့ ပေါက်သတ်တယ်။ ၂၀၁ ၅ ခုနှစ် စက်တင်ဘာ ၃၀ မှာ အရက်သောက်ထားတဲ့ သားက အဖေရင်း ကို လည်လိမ်ချိုးသတ်တယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ သမီးအ ရင်းက ငွေ ၁၅၀၀၀ ကျပ်မပေးလို့ မိခင်ရင်းကို လည်ပင်းညစ်သတ် အိမ် သာဟောင်းထဲ ပစ်ချခဲ့ပါတယ်။ ကဲ ကျွန်တော်တို့ တွေ ဘယ်လောက် ရ က်စက် ရိုင်းစိုင်းလာလဲ တွေ့နိုင်ပါတယ်။ ၂၀၁၆ ဇွန်လ ၉ ရက်နေ့ မြိတ်မြို့မှာ အဖေရင်းက သမီးဖြစ်သူကို မတရားလုပ်တာ ကိုယ်ဝန်ရှိမှ သိရပါတယ်။ ဒီလို အမှုတွေကလည်း ယခုနောက်ပိုင်း အဖြစ်များ လာ တာ တွေ့ရပါတယ်။ ဒါကျွန်တော် အမြည်းလေးပဲ ဖော်ပြလိုက်တာပါ။ ဖော်ပြမယ်ဆိုရင် စာဖတ်သူတို့ စာဖတ်လိုစိတ် ပျောက်ဆုံးသွားမှာ ပါ။

ဘာသာတရား ကိုင်းရှိုင်းစဉ်က သူခိုး မရှိတဲ့ နိုင်ငံလို့ တင်စားခံရတဲ့ အထိ သီလကောင်းခဲ့တဲ့ လူမျိုးပါ။ မူလအခြေအနေ ပြန်ရအောင် ရက်စက်မှုတွေ လျော့နည်းပပျောက်အောင် ယဉ်ကျေးတဲ့ လူမျိုး ပြန်ဖြစ်လာအောင် ဗုဒ္ဓဘာသာက မြန်မာနိုင်ငံမှာ ဆက်ရှိနေပြီး လိုက်နာ လုပ်ဆောင်လာအောင် လုပ်ရန်လိုတယ်လို့ မြင်ပါတယ်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ကမ္ဘာကြီးငြိမ်းချမ်းရေး၊ လူသားတွေ ငြိမ်းချမ်းရေးအတွက် သိပ္ပံနဲ့ အစမ်းသပ်ခံနိုင်ပြီး လောကအမှန်တရားကို ဟောဖော်ညွှန်းပြတဲ့ ဗုဒ္ဓဘာသာ သာသနာ ကမ္ဘာမြေမှာ အမြဲရှင်သန် ထွန်းလင်းနေမှာ ငြိမ်းချမ်းခြင်းရသကို ကျွန်တော်တို့ လူသားတွေ လက်တွေ့ခံစား မြင်နိုင်မှာ ပါ။ ဗုဒ္ဓဘာသာ ဖြစ်လို့ ဗုဒ္ဓဘာသာကို ကာကွယ်ရမှာ မဟုတ်၊ လောကအကျိုးအတွက် ဗုဒ္ဓ ဘာသာကို ကာကွယ်ပေးရမှာ လူသားတိုင်း တာဝန်ဖြစ်တယ် ထင်ပါတယ်။ ဗုဒ္ဓလမ်းစဉ်ကို လူသားတွေ လိုက်နာ လာလေ ကမ္ဘာကြီးငြိမ်းချမ်း နေချင်စဖွယ် ဖြစ်လေဆိုတာ ဘယ်သူငြင်းနိုင်မှာ လဲ။ မလုပ်ကြလို့ ၊ မလိုက်နာကြလို့ ကမ္ဘာမြေ ငြိမ်းချမ်းမှုမဲ့လာတာ ဖြစ်တယ်လို့ ပြောလိုပါတယ်။ ငြင်းနိုင်က ငြင်းပေးစေလိုပါတယ်။ အဲဒီအတွေး ခံယူချက်တွေကြောင့် ကျွန်တော်က ဗုဒ္ဓဘာသာ သာသနာကို အစွန့်ရှည် တည်တံ့စေလိုတာ ဖြစ်ပါတယ်။

ကျွန်တော် ယခုတင်ပြမဲ့ ကိန်းဂဏန်းကပြောသော ဘာသာအရေး စာအုပ်က အနာဂတ်မှာ ဗုဒ္ဓဘာသာ သာသနာတော်ကို တည်တံ့အောင် လုပ်သင့်တာတွေ၊ သာသနာပြုသင့်တဲ့ နေရာတွေကို နားလည်သလောက် ရေးပြထား တာက ...

၁။ တိုင်းနဲ့ ပြည်နယ်အလိုက် ဗုဒ္ဓဘာသာနဲ့ ဘာသာခြား အခြေအနေ။

၂။ ပြည်ထောင်စုအတွင်း ဗုဒ္ဓဘာသာ အကျဆုံးနိုင်ဆုံး ဒေသများကို အစဉ်လိုက် ရေးထားလို့ အရေးပေါ် မကာကွယ်ရင် သာသနာကွယ်ပါမယ်။

၃။ ကျောင်းထိုင်တစ်ပါး ကာကွယ်ရမယ့် ဗုဒ္ဓဘာသာဝင်ဦးရေ မကာကွယ်ရင် သက်ဆိုင်ရာနယ်မြေမှာ သာသနာပြုပါမယ်။

၄။ ဘုန်းကြီးကျောင်းတွေ ဘယ်နေရာမှာ ပိုနေပြီး ဘယ်နေရာတွေမှာ လိုနေတာကို တင်ပြထားလို့ ဘုန်းကြီးကျောင်း ဆောက်သင့်နေရာ၊ မဆောက်သင့်နေရာ ရဟန်းတော်များ အလှူရှင်များ အလွယ်တကူ သိရှိနိုင်ပါတယ်။

၅။ ရဟန်းတွေ ဘယ်တိုင်းတွေမှာ ထောင်ချီပိုနေပြီး ဘယ်တိုင်းဒေသတွေမှာ ထောင်ချီလိုနေတာကိုလည်း မြင်သာအောင် ရေးထားလို့ ပိုနေရဟန်းတွေကို လိုနေရာတွေမှာ ဖြည့်နိုင်အောင် စီမံနိုင်သူတွေ စီမံသင့်သလို ရဟန်းတော်များကလည်း မိမိဘယ်နေရာမှာ သီတင်းသုံးသင့်တယ်ဆိုတာ တွေ့မြင်နိုင်မယ် ထင်ပါတယ်။

၆။ သာသနာပြု ပစ်မှတ်နဲ့ သာသနာပြု လုပ်ငန်းများကို ရေးပြထားလို့ ဘယ်သူတွေကို သာသနာပြုရမယ်ကို သိမြင်လုပ်ဆောင်နိုင်မယ် ထင်ပါတယ်။

၇။ ကိုရင် ဘယ်အရွယ်မှာ စုမလဲ၊ တစ်နှစ် ဘယ်လောက်လိုလဲ ဆိုတာကိုလည်း တင်ပြထားလို့ ကိုရင်စုနည်းလမ်းကိုလည်း သိမြင်နိုင်ပါတယ်။

၈။ ပြည်ပသာသနာပြု သင့်ဆုံးနေရာကို တင်ပြထားပြီး ထိုဒေသကို သာသနာပြုနိုင်လျှင် ကမ္ဘာမှာ ဘာသာဝင်အင်အား အကောင်းဆုံး ဘာသာဖြစ်လာမှာ ကို သုံးသပ်ရေးပြထားလို့ ပြည်ပကို သာသနာပြုလို

တဲ့ ဆရာတော်များ အတွက် ဘယ်ဒေသမှ သာသနာ အပြုသင့်ဆုံး ဆိုတာကို လွယ်ကူစွာ ရွေးချယ်နိုင်မယ် ထင်ပါတယ်။

၉။ ကျောင်းထိုင် ဘယ်လို တာဝန်ပေးမလဲ၊ လူဘာကြောင့် ထွက်နေလဲကိုလည်း သုံးသပ်တင်ပြထားလို့ လူထွက်မှုကို အထိုက်အလျောက် ကာကွယ်နိုင် မယ် ထင်ပါတယ်။

ကျွန်တော်စာအုပ်ကို အခြေခံပြီး မိမိတို့ တိုင်း၊ ပြည်နယ်၊ မြို့၊ ရပ်ကွက်၊ ရွာတို့ မှာ စဉ်ဆက်မပျက် ပြုစုနိုင်က ဗုဒ္ဓဘာသာ အခြေနေမှန်ကို သိရှိပြီး မိမိတို့ ဘာဆက်လုပ်ရမယ်ဆိုတာကို သုံးသပ်နိုင်မယ် ထင်ပါတယ်။

စာအုပ်မှာ အမှာ စာ ရေးသားချီးမြှင့်ပေးပါသော ဘဒ္ဒန္တသဇ္ဇနသာရ မဟာမြိုင်ဆရာတော်၊ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ (နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်-ရန်ကုန်)၊ ဆရာကြီး ဦးကိုလေး (အင်းဝဂုဏ်ရည်)၊ စာစစ်ပေးပါသော ဆရာတော် ဦးအာလောက၊ ဆရာတော် ဦးကုဏ္ဍလ( ဓမ္မဝါဒီ )၊ ဦးထွန်းအောင်( ဘခင် )၊ စာရေးဆရာခိုင်မြဝါ၊ ဆရာမ အေးအေးခိုင်(ပညာရေး) တို့ အား အထူး ကျေးဇူးတင်ရှိပါတယ်။ စာအမှား၊ အမှန် အားလုံးကတော့ ကျွန်တော့် တာဝန်ပါခင်ဗျာ။

ကျွန်တော်စာအုပ်က အလှူလုပ်လိုသူများ ဘယ်မြို့နယ်မှာ ကျောင်း ဆောက်သင့်တယ်၊ ဆေးခန်းဖွင့်သင့်တယ်၊ မသန်မစွမ်းတွေ စောင့်ရှောက်သင့်တယ် ဆိုတာကို ဖော်ပြထားလို့ အမှန်လိုတဲ့ နေရာကို လှူဒါန်းနိုင်ရန် အထောက် အကူပြုနိုင်ပါတယ်။

သာသနာပြုများ အတွက်ကတော့ မိမိသာသနာ အခြေအနေမှန်၊ သာသနာပြု နည်းလမ်းတွေကို အခြေခံအဖြစ်ထားပြီး ဆရာတော်တို့ ရဲ့

အတွေးနဲ့ ထပ်ဖြည့် ပေါင်းစပ်သာသနာပြုနိုင်အောင် ရေးပြထားလို့ သာသနာပြုလုပ်ငန်းတွေမှာ မုချ အထောက်အကူပြုနိုင်မှာ ပါ။

အချက်လက်တွေကို နောက်ဆုံးခိုင်မာတဲ့ အထောက်အထားများ နဲ့ တင်ပြထားလို့ မြေပြင်နဲ့ ကွဲလွဲမှု အနည်းငယ် ရှိနိုင်ပါမယ်လို့ မြင်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာ သာသနာကို စနစ်တကျ ကာကွယ်လိုသူတိုင်းနဲ့ သာသနာ့ အခြေနေကို သိလိုသူတိုင်း ဖတ်သင့်စာအုပ်လို့ ဆိုချင်ပါတယ်။ အမှားများ ပါနေလျှင်လည်း အားမနာတမ်း ဝေဖန်ပေးပါ။ မှန်နေလျှင်လည်း လုပ်ပေးပါလို့ သာသနာ့ အကျိုးအတွက် တိုက်တွန်းလိုက်ရပါတယ်။

ပဋိပက္ခမရှိဘဲ သာသနာပြုနိုင်တဲ့ သူတော်ကောင်းများ ဖြစ်ကြပါစေလို့ ဆုတောင်းပေးလျက်...

ဘာသာ သာသနာကို လက်တွေ့ကျကျ ကာကွယ်လိုသူ

**ခင်မောင်နှင်း( ကျောက်ပန်းတောင်း )**

**၀၉၄၉၀၁၃၆၅၇၇**

**တစ်ဆင့်**

**ဆရာတော်ဦးအာလောကစာရ**

**အဆောင် ၉၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်**

***